သူ၏အုပ်ချုပ်မှုအပေါ် စာတန်၏မကျေမနပ်စောဒက တက်ခြင်းသည် မဟုတ်မမှန်ကြောင်း၊ မှားယွင်းကြောင်းသက် သေပြရန် ဘုရားသခင်၏အစီအစဥ်နောက်ဆုံးအပိုင်းသည် ပို ထင်ရှားလာသည်။ အမှန်တရားအသစ်များကို နားလည် ရန်လိုအပ်သည်၊ သို့မဟုတ်ပါက၊ “ပညာရှိခြင်း” သည် “မိုးမျက်နှာကြက်၏ တောက်ပသောအလင်းနည်းတူ တောက်ပ” နိုင်လိမ့်မည် မဟုတ်ပေ။ ဒံယေလ၏ ဗျာဒိတ်ရူပါရုံနှင့် ပရောဖက်ပြုချက် အတော်များများ သည် “တံဆိပ်ခတ်” လျက်ရှိ၏။ ယခုတွင် ဘုရား သခင်သည် မိမိ၏လူများကို ဤ အစီအစဥ်များနှင့် ပတ်သက်၍ သူတို့၏ “အသိပညာ” တိုးများလာသည် အထိ “စူးစမ်းရန်နှင့် လေ့လာ” ရန် ဤအမှန်တရားများကို ရှာဖွေရန် ရည်ရွယ်ခဲ့ပြီးဖြစ်သည်။



**လက်တွေ့ကျင့်သုံးရန်။** ၎င်းသည် ကမ္ဘာသမိုင်း၏ စိတ်လှုပ်ရှား ဖွယ်အကောင်းဆုံး အချိန်ကာလ၏အစဖြစ်ပြီး၊ လူတို့သည် နိုးထရန် လိုအပ်ပါသည်။ သို့သော် လူတို့သည် အလွယ်တကူ ပြန်အိပ်နိုင်ကြသောကြောင့် ဘုရားသခင်သည် သုံးပွင့်ဆိုင် နှိုးစက်ကို စတင်ပေးခဲ့သည်။ ဘုရားသခင်သည် သူ့အ သင်းတော်ကို လိုမ့်ပြီးနောက်တဖန်အိပ်ပျော်သွားရန် အလို မရှိပါ။ ထို့ကြောင့် အချိန်တန်လျှင် အာရုံစူးစိုက်ရန် ဆွဲ ဆောင်သောအဖြစ်အပျက်များတစ်ခုစီ သယ်ဆောင်ပေးခဲ့ သည်။ အတိအကျအရဆိုရလျှင်၊ သခင်ယေရှုသည် ထို အချိန်မတိုင်ခင်က လွန်ခဲ့သောရာစုနှစ်များစွာကပင် ကြို တင်မိန့်ကြားခဲ့ပြီးဖြစ်သည်။

## သောကြာနေ့ ၊ စိတ်ဝင်စားမှုကို နိုးထစေခြင်း ၆

ဘုရားသခင်က လူတို့အား နောက်ဆုံးသောအချိန်ကာလနှင့် ယေရှု၏ ဒုတိယအကြိမ်ကြွလာခြင်းအကြောင်းကို လေ့လာစေလိုသည်။ ကြောက်မက်ဖွယ်ကောင်းသောမြေငလျင်၊ အလွန်ထူးဆန်းလျှို့ဝှက်သော မှောင်မိုက်ခြင်းနှင့် ကြယ်များရွာသွန်းခြင်းသည် သူတို့၏ အာရုံစူးစိုက်မှု၊ စိတ်ဝင်စားမှုကို ရနိုင်ပါမည်လား။

သေချာပါသည်၊ ၎င်းတို့သည် လုပ်နိုင်ခဲ့ပါသည်။ စာရေးဆရာ များစွာနှင့် သာသနာပြုများတို့သည် လစ္စဘွန်းမြေငလျင်ကို အဆုံးခန်း ၏ နိမိတ်တစ်ခုအဖြစ် မြင်တွေ့ခဲ့ကြရသည်။ ထို့ကြောင့် ၎င်းသည် သူတို့အား စဥ်းစားတွေးတောခြင်းနှင့် ရေးသားမှတ်သားခြင်းတို့ ဖြစ်စေခဲ့သည်။ အ မှောင်ထုဖြစ်သောနေ့သည် အထင်အမြင်၊ စိတ်ဝင်စားမှုကို ပိုမိုအားကောင်း စေသည်။ အမှန်အားဖြင့်၊ စာရေးသူများနှင့် ပညာရှင်တော်များများသည် ဗျာဒိတ်ကျမ်း ၆ မှ ပထမဖြစ်ရပ်နှစ်ခု၏မိန့်တော်မူချက်ကို အသိအမှတ်ပြု ပြီး နောက်ထပ်စောင့်ကြည့်ရမည့်အရေးပါသောနိမိတ်မှာ ကြယ်များကြွေ ကျခြင်းဖြစ်လိမ့်မည်ဟု ပြောကြားခဲ့ကြသည်။

သူတို့ပြောဆိုချက်သည် မှန်ကန်ခဲ့ပါသည်။ ၁၈၃၃ ခုနှစ်၌ ကြယ် များကြွေကျသောအခါ ထိုလူများစွာတို့သည် စကားပြောဆိုခဲ့ကြပြီး၊ အချို့တို့သည် “သင့်ကို ငါပြောခဲ့သည်မဟုတ်လော” ဟု မှန်ကန်စွာပြောဆို နိုင်ခဲ့ကြသည်။

အမေရိကနိုင်ငံများနှင့် ဥရောပနိုင်ငံများတွင် သခင်ယေရှု၏ ဒုတိယအကြိမ်ကြွလာခြင်းကို စိတ်ဝင်စားမှုသည် ပို၍ တိုးများလာလေ သည်။ သမိုင်းပညာရှင်တစ်ဦးက ထိုနိမိတ်လက္ခဏာများသည် သမ္မာ ကျမ်းစာ၏ပရောဖက်ပြုချက်များကို ပြည့်စုံလာခြင်းဖြစ်သည် ဟု လက်ခံ ယုံကြည်လာခဲ့ကြသောသူများ၊ သူတို့တစ်ဦးချင်းဆိုင်ရာ ဒုတိယအကြိမ် ကြွလာခြင်းကို လက်ခံယုံကြည်လာသူများမှာ စာရေးသူနှင့် ပညာရှင် ရှစ် ဆယ်ကျော်ရှိသည်ဟု မှတ်တမ်းပြုထားခဲ့သည်။

သူတို့သည် ပရောဖက်ပြုချက်အားလုံးကို နားမလည်ကြသည်မှာ အမှန်ပဲဖြစ်သည်။ သူတို့ထဲမှာ ပရောဖက်ပြုချက်များ အားလုံးအကြောင်း နှင့်ပတ်သတ်၍ အလုံးစုံသိနားလည်မှု မရှိခဲ့ကြချေ။ သို့သော် စိတ်ဝင်စားမှု အဆင့်က ရာစုနှစ်များ၌ရှိခဲ့သည့် စိတ်ဝင်စားမှု ထက်များစွာ ကွာဝေးသွား လေသည်၊ တစ်နည်းအား ပို၍သာများလာလေပြီးဖြစ်သည်။ ပို၍ အ ရေး ကြီးသည်မှာ ၎င်းသည် လွန်ခဲ့သောနှစ်ပေါင်းရာချီက လူသန်းပေါင်းများစွာ တို့သည် အနက်ရောင်သေခြင်း Black Death (အဆိပ်အတောက်ရောဂါ) ကြောင့်သေဆုံးခဲ့ရသည့် အဖြစ်အပျက်ကဲ့သို့ ကမ္ဘာကြီး၏နိဂုံးကို မရေ မရာ ကြောက်ရွံ့ခြင်းမျှသာ မဟုတ်ပါ။

ယခု ၁၈၀၀ ပြည့်လွန်နှစ်များအစောပိုင်းတွင် သမ္မာကျမ်းစာများ ကို အဓိကဘာသာစကားများအားလုံးနှင့် နိုင်ငံအားလုံး၌ ရရှိနိုင်ပြီ ဖြစ် သည်။ ဘုရားသခင်သည် ကျမ်းစာလေ့လာဖို့ရန် အလေးအနက်ထားသော မှန်ကန်သောအချိန်အတွက် ဤအဆင့်ကို အစပြုခဲ့ သည်။

**လက်တွေ့ကျင့်သုံးရန်။** သခင်ယေရှုကြွလာခြင်း၏ အဘယ် နိမိတ်လက္ခဏာလေးခုသည် ဖြစ်ပျက်ခဲ့ပြီးဖြစ်သနည်း။ သခင်ယေရှုသည် အဘယ်အတွက် စောင့်နေသေးသနည်း။ ရှင်မဿဲခရစ်ဝင် ၂၄း ၁၄။

“ကြီးစွာသောမြေကြီးလှုပ်ခြင်းဖြစ်၏။ နေသည် မည်း၏။ လသည် သွေးကဲ့သို့ဖြစ်၏၊ ကောင်းကင်ကြယ်တို့သည် မြေပေါ်သို့ကျကြ၏။”
ဗျာဒိတ်ကျမ်း ၆း၁၂၊ ၁၃။




© ၂၀၂၃ - My Bible First www.mybiblefirst.org sales@mybiblefirst.org

# သတိပေးသောအမှတ်လက္ခဏာများ

YR C
NO. 37

အလွတ်ကျမ်းချက်။ ။ ယောလအနာဂတ္တိကျမ်း ၂း၁

“ဇိအုန်တောင်ပေါ်မှာ တံပိုးကို မှုတ်ကြလော့။ သန့်ရှင်းသော ငါ တောင်ပေါ်မှာ သတိပေးသောအသံကို ပြုကြလော့။ ပြည်သူပြည်သား အပေါင်းတို့သည် တုန်လှုပ်ကြစေ။ အကြောင်းမူကား၊ ထာဝရဘုရား၏နေ့ရက်သည် လာ၍ နီးပြီ။”





## တနင်္ဂနွေနေ့ ၊ လစ္စဘွန်းမြေငလျင် ၁

ဘုရားသခင်၏ကယ်တင်ခြင်းစီမံကိန်းသည် လူသားများကို အပြစ်မှကယ်နုတ်ရန် သူ၏စီမံကိန်းဖြစ်၍ စာတန်၏စွပ်စွဲချက်များအား လုံးတို့သည်မှားယွင်းကြောင်း၊ ထိုမှားယွင်းချက်များသည် တဖြည်းဖြည်း အရှေ့သို့ ရွေ့သွားကြီးပွားနေသည်ကို ဖော်ပြန်ရန်ဖြစ်သည်။ ကျွန်ုပ်တို့ သည် ၎င်းကို သမ္မာကျမ်းစာ၏နေ့ရက်များ၊ ရှေးဦးခရစ်ယာန်များ၊ သမ္မာ ကျမ်းစာကို ဝှက်ထားသော အမှောင်ခေတ်ကာလများနှင့် သမ္မာကျမ်းစာ အမှန်တရားကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့သောပြုပြင်ပြောင်းလဲရေးအချိန် ကာလများမှတစ်လျှောက် လေ့လာခဲ့သည်။ မြေကြီးပေါ်မှာ ရှိသောလူများ သည် ဘုရားသခင်လုပ်ဆောင်သောအရာအားလုံးကို နားလည်ရန် ကြိုးစား ရုံသာတတ်နိုင်ပေမယ့် သူသည် အရာအားလုံးကို သိသည်။ ဘုရားသခင် အတွက် မည်သည့်အရာမှ အံ့အားသင့်ဖွယ် မရှိပါ။

ခရစ်ယာန်များကို ကြောက်မက်ဖွယ်ကောင်းသော ကက်သလစ် နှိပ်စက်ညှဥ်းပန်းမှု နှစ်ပေါင်းများစွာကြာပြီးနောက်တွင် ဖြစ်ပျက်မည့် “ဆုံး ခန်းကာလ” ၌ ဘုရားသခင်ပြောခဲ့သောအရာ အဘယ်အရာဖြစ်ပျက်ခဲ့မည် နည်း။ ဗျာဒိတ်ကျမ်း ၆း၁၂၊ ၁၃။ သင်သည် ရှင်မဿဲခရစ်ဝင် ၂၄:၂၉ နှင့် ပို၍ အကျွမ်းတဝင်ဖြစ်ပြီး သိကောင်းသိနိုင်သည်၊ ၎င်းသည် နေ၊ လ နှင့် ကြယ်များ၌ ဖြစ်ပျက်မည့် လက္ခဏာများအကြောင်းကိုလည်း ပြောပြ ထားသော်လည်း ကြီးမားသောငလျင်ဖြစ်မည်ကို မဖော်ပြထားပါ။

ဘုရားသခင်သည် ဤလက္ခဏာများကို လွန်ခဲ့သောရာစုနှစ်များ စွာကတည်းက ကျမ်းစာ၌ထည့်သွင်းထားသည်၊ ထို့ကြောင့် သူသည် ၎င်း တို့ကို ကမ္ဘာ၏အဆုံးခန်းနီးကပ်လာခြင်းနှင့် ကမ္ဘာမြေသို့ပြန်ကြွလာခြင်းကို အာရုံစိုက်ရန် ဆွဲဆောင်ရန် အသုံးပြုနိုင်သည်။ ထို့အတွက်ကြောင့် သူသည် ထိုသို့လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

၁၇၅၅ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်တွင် ဤနိမိတ်လက္ခဏာများ ၏ ပထမတစ်ခုက ဖြစ်ပျက်ခဲ့သည်။ မနက် ၉း၄၀ တွင် မြေကြီးသည် စတင် တုန်လှုပ်သည်၊ အချို့တို့ကမူ မိနစ် ၆၀ လုံးလုံးမရပ်နိုင်ကြောင်း မှတ်တမ်း တင်၍ ပြောဆိုခဲ့ကြသည်။ ထိုမြေငလျင်သည် ပေါ်တူဂီနိုင်ငံ (Portugal) နှင့် နီးသောကြောင့်၊ လစ္စဘွန်း (Lisbon) မြို့တော်၌ အဆိုးရွားဆုံး ဖြစ်ပျက် ခဲ့သည်။

လစ္စဘွန်းမြို့၌ လူပေါင်း ၆၀,၀၀၀ မှ ၉၀,၀၀၀ အထိ သေဆုံးခဲ့ ကြရသည်၊ သည့်အပြင် မော်ရကို (Morocco) အနီးတွင်လည်း အခြား ၁၀,၀၀၀ ခန့် သေဆုံးခဲ့ကြသည်။ မြေပြင်၏တုန်လှုပ်မှုကို ဂရိန်းလန်း (Greenland) မှ အာဖရိက (Africa) ထိတိုင် ခံစားခဲ့ရသည်။ ထိုမြေလျင် ကြောင့် အချို့သောဆူနာမီလှိုင်းများသည် ပေပေါင်း ၆၀ မြင့်ပြီး၊ ကမ်းရိုး တန်းမြို့များစွာ၌ ပိုမိုပျက်စီးမှုများ များပြားစေခဲ့သည်။ အချို့သောနေရာ များတွင် မြေပြင်သည် ၁၅ ပေအထိကွဲအက်ပြီး၊ လမ်းများနှင့် တံတားများ ကို ဖျက်ဆီးခြင်းတို့ ဖြစ်ပေါ်ခဲ့လေသည်။ မီးဖိုနှင့် မီးဖိုများမှ မီးများသည် မြို့များစွာ၏အပျက်အယွင်းများကို ဖြစ်ပေါ်စေခဲ့လေသည်။

ဥရောပနိုင်ငံတို့သည် ဤကဲ့သို့အဖြစ်အပျက်ကို ယခင်က ဘယ်တော့မှ မကြုံဖူး၊ မမြင်ဖူးခဲ့ကြချေ။ ထိုသို့ဖြစ်ပျက်ခဲ့သောကြောင့် ထို အချိန်၌ လူများစွာတို့သည် ၎င်းက ကမ္ဘာ့အဆုံးခန်းသို့ရောက်ပြီဟု ထင်ခဲ့ ကြသည်။ သူတို့သည် ထင်ရုံမျှသာ ရှိကြ၏။ ၎င်းသည် လူများစွာတို့က အသင်းတော်၌ရှိနေသောအခါ သူတော်စင်များအားလုံး၏နေ့ ဟုသူတို့ သတ်မှတ်သော “သန့်ရှင်းသောနေ့” တွင် ဖြစ်ပျက်ခဲ့သည်။ ဤအရာအား လုံးသည် ထိုနေ့အကြောင်းနှင့်ပတ်သတ်၍ နှစ်ပေါင်းတစ်ရာကျော်အကြာ၌ လူတို့သည် ရေးသားနေကြပြီး၊ ၎င်းအကြောင်းကို ပြောဆိုနေကြဆဲဖြစ်နေ ကြသည်။ ထို့ကြောင့် ၎င်းသည် လူများစွာကို အလွန်စွဲမှတ်သွားစေသောနေ့ တစ်နေ့ဖြစ်ခဲ့လေသည်။

**လက်တွေ့ကျင့်သုံးရန်။** လစ္စဘွန်းမြေငလျင်သည် အပြင်းဆုံး သို့ မဟုတ် သမိုင်းတွင် လူအသေအများဆုံးမြေငလျင် ဖြစ်ခဲ့သည်။ သို့သော် ၎င်းသည် ဘုရားသခင်က ၎င်းကိုပြုလုပ်ရန် အလိုရှိသည့်အတိုင်း အတိ အကျဖြစ်ခဲ့သည်။ ဥရောပနှင့် တောင်အာမေရိကတိုက်တွင်ရှိကြသော ခရစ်ယာန်တို့သည် “နိုးထလာ” ခဲ့ကြသည်။ သူတို့သည် ၎င်းအကြောင်းနှင့် ပတ်သတ်၍ အဘယ်သို့ထင်နေကြမည်ဟု သင်ထင်မိသနည်း။ ရှင်လုကာ ခရစ်ဝင် ၂၁း၂၅-၂၈။

## တနင်္လာနေ့ ၊ အမှောင်ထုဖြစ်ခဲ့သောနေ့ ၂

သေချာသည်မှာ လစ္စဘွန်းမြေငလျင်၏ထိတ်လန့်တုန်လှုပ်ဖွယ် ကောင်းသောကြားမှ ဗျာဒိတ်ကျမ်း ၆:၁၂၊ ၁၃ ကို ချက်ချင်း တွေးမိသူများ စွာ ရှိမည်မဟုတ်ပေ။ “၎င်းသည် ကမ္ဘာ့အဆုံးခန်းဖြစ်သည်” ဟူ၍သာ သူ တို့ထင်ခဲ့ကြသည်။ သို့သော် မြေလျင်က ငြိမ်သွားခဲ့သော်လည်း၊ ကမ္ဘာ မြေကြီးသည် တည်ရှိနေဆဲဖြစ်ခဲ့၏။

၎င်းသည် လူအနည်းငယ်ကိုလှည့်စားစေပြီး၊ “ကမ္ဘာကြီး၏ နိဂုံးဟူသည် ဘာပဲဖြစ်ဖြစ် အဘယ်ကဲ့သို့ ဖြစ်လာဦးမည်နည်း” ဟု စတင်စဥ်းစားနေခဲ့ကြလေသည်။ ၎င်း၏ဆိုလိုရင်းအဓိပ္ပာယ်မှာ သူတို့သည် သမ္မာကျမ်းစာကို လေ့လာဖို့ရန်ဖြစ်သည်။ ကမ္ဘာ၏အဆုံးနှင့် ပတ်သက်၍ မည်သည့်နေရာတွင် သူတို့တန်ဖိုးရှိသောအရာများကို ရှာတွေ့နိုင်မလဲ။

ထို့နောက် နောက်ထပ်ကြီးမားသော နိမိတ်လက္ခဏာတစ်ခု ဖြစ်ပေါ်လာခဲ့သည်။ ၁၇၈၀ ခုနှစ်၊ မေလ ၁၉ရက် သည် “အမှောင်ထု ဖြစ်သောနေ့” ဟု လူသိများသည်။ ၎င်းအကြောင်းနှင့်ပတ်သတ်သည့်အကြောင်းအရာကို စွယ်စုံကျမ်း (encyclopedia) တွင် သင်ဖတ်ရှုနိုင်ဆဲဖြစ်သည်။

အမေရိကန်အရှေ့မြောက်ပိုင်း၊ ကနေဒါ၏ဒေသများနှင့် မြောက်အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ ပင်လယ်ပြင်သို့ နေဝင်ခါနီးဆဲဆဲတွင် ထူးဆန်းသောမှောင်မိုက်ခြင်းတစ်ခု ဖြစ်ပျက်သွားခဲ့သည်။ နေရာများစွာ၌ ၎င်းသည် နေ့လည်ခင်းတွင် အလွန်မှောင်မိုက်အတိ ဖြစ်၍ နွားများနှင့် ကြက်များသည် ညအိပ်ရာဝင်ခဲ့ကြသည်။ ကော်နက်တီကပ်ပြည်နယ်တွင် ပြည်နယ်ဥပဒေပြုလွှတ်တော်သည် အစည်းအဝေးကျင်းပနေစဥ် အလွန်မှောင်မိုက်သွားသောကြောင့် တစ်နေ့တာအချိန်မကုန်ဘဲ သူတို့သည် အိမ်သို့ပြန်ခဲ့ကြသည်။

ထိုညတွင် အမှောင်ထုသည် တပြည်လုံးကိုဖုံးလွှမ်းသွားပြီး၊ လပြည့်ဖြစ်လုနီးပါး လသည် သွေးထွက်သံယိုနီရဲသောအရောင်ဖြင့် ထွက်ပေါ်လာခဲ့သည်။ တဖန်၊ လူများစွာတို့က အဆုံးသည် ရောက်လာပြီဟု ထင်ခဲ့ကြသည်။ လူများတို့သည် ဘုရားရှိခိုးရန်မလိုဟု အသင်းတော်၏အစီအစဥ်များအားလုံးကို ရပ်လိုက်ကြပြီး၊ သခင်ယေရှု၏ကြွလာခြင်းနှင့် ပတ်သက်၍ နိမိတ်လက္ခဏာများကို ပြောဆိုခဲ့ကြ၍ လစ္စဘွန်းမြေလျင်ကို သတိရခဲ့ကြသည်။ ယခုတွင် ဗျာဒိတ်ကျမ်း၌ရှိသော ကျမ်းချက်များနှင့် ယောလအနာဂတ္တိကျမ်း ၂၊ ရှင် မဿဲခရစ်ဝင် ၂၄၊ ရှင်မာကုခရစ်ဝင် ၁၃ နှင့် ရှင်လုကာခရစ်ဝင် ၂၁ တို့က အပြင်းအထန်သတိရစေရန်ဖြစ်လာခဲ့သည်။ ယောလအနာဂတ္တိကျမ်း ၂း၃၁၊ ရှင်မာကုခရစ်ဝင် ၁၃း၂၄ ကို ဖတ်ပါ။

သခင်ယေရှုကြွလာခြင်း၏နိမိတ်လက္ခဏာများကို သူတို့ပြောသောကြောင့် လေ့လာရန်နှင့် အမှတ်ရစေရန် ကောင်းသော ကိုးကားချက်များစွာ ရှိပါသည်။

**လက်တွေ့ကျင့်သုံးရန်။** အမှောင်ထုဖြစ်သောနေ့သည် လွယ်လွယ်နဲ့သတိမမူရန် သို့မဟုတ် အလျန်အမြန်မေ့ပစ်ရန် အဖြစ်အပျက်ငယ်တစ်ခုမဟုတ်ချေ။ ဆာဝီလီယမ်ဟာချာယ် (Sir William Herschel) သည် အူရန်းနပ်စ် (Uranus) ဂြိုလ်ကို ရှာဖွေတွေ့ရှိခဲ့ပြီး၊ သူသည် အမှောင်ထုနေ့အကြောင်းကို ပြောပြဖို့ရန် ထိုအချိန်၌ ကမ္ဘာ့အကြီးမားဆုံးအဝေးကြည့်မှန်ပြောင်းကို တီထွင်ခဲ့သည်။ “မြောက်အမေရိကတွင် အမှောင်ထုဖြစ်သောနေ့သည် အံ့ဩစရာကောင်းသောသဘာဝတရား၏ထူးဆန်းမှုများမှ တစ်ခုအပါအဝင်ဖြစ်ခဲ့ပြီး ၎င်းအကြောင်း စိတ်ဝင်တစားနှင့် အမြဲတမ်းဖတ်ကြလိမ့်မည်ဖြစ်သည်။ သို့သော် ဒဿနိကဗေဒသည် ၎င်းအကြောင်းကို ရှင်းပြဖို့ရန် ပျက်ကွက်ခဲ့ကြသည် (သို့) မရှင်းပြနိုင်ခဲ့ကြချေ။”



၁၈၆၈ ခုနှစ်၌ ထင်ရှားကျော်ကြားသောကဗျာဆရာ ဂျွန်ဂရိန်းလီးဖ် ဝှိုက်တီးယားသည် အမှောင်ထုနေ့အကြောင်းနှင့် ပတ်သတ်၍ ကဗျာတစ်ပုဒ်ရေးခဲ့ပြီး၊ ၁၉၃၄ ခုနှစ်တွင် ကဗျာကိုပုံဖော်ခြင်းအတွက် ကြီးမားသောနံရံဆေးရေးပန်းချီတစ်ခုကို ကော်နက်တီကပ် (Connecticut) တရားရုံးတော်ရှိသည့် စတန်းဖို့ထ် (Stamford) တွင် ပုံဆွဲထားခဲ့သည်။

## အင်္ဂါနေ့ | ကြယ်ကြွေခဲ့သောနေ့ ၃

ပထမတွင် လစ္စဘွန်းမြေလျင် ဖြစ်ပျက်ခဲ့သည်၊ ထို့နောက် အမှောင်ထုနေ့ဖြစ်ပျက်လာခဲ့သည်။ နောက်ထပ်အဘယ်အရာ ဖြစ်ပျက်ခဲ့မည်နည်း။

ကောင်းပြီ၊ အကယ်၍ သင်သည် ၁၇၀၀ ခုနှစ်ပြည့်နောက်ပိုင်း သို့မဟုတ် ၁၈၀၀ နှစ်ပြည့်အစောပိုင်းတွင် အသက်ရှင်နေခဲ့ပါက၊ သို့မဟုတ် သင်သည် သမ္မာကျမ်းစာကို လေ့လာခဲ့ပါက၊ နောက်ထပ်အဘယ်အရာဖြစ်ပျက်ခဲ့မည်ကို သင်မှန်အောင် ခန့်မှန်းကောင်းခန့်မှန်းနိုင်လိမ့်မည်။ သမ္မာကျမ်းစာသည် နောက်ထပ်နိမိတ်လက္ခဏာအဖြစ် ဘာကိုဖော်ပြပေးခဲ့ထားသနည်း။ ရှင်မာကုခရစ်ဝင် ၁၃း၂၅။

ဤကျမ်းချက်၌ “ကြယ်များ” သည် ရောမကြယ်များမဟုတ်ခဲ့ချေ၊ ဂြိုလ်များပတ်ရံလျက်ရှိသော တောက်ပသည့်ကြယ်များသည်အလွန်ဝေးကွာလွန်းသည်။ ကျွန်ုပ်တို့ညအချိန်ကောင်းကင်၌ အလွန်သေးငယ်သောအလင်းကဲ့သို့ မြင်တွေ့ခဲ့သည်နည်းတူ ဖြစ်ဟန်ရှိသည်။ မှန်ပါသည်၊ ၎င်းကိုတရားဝင်အများသိအမည်အနေဖြင့် ဥက္ကာပျံ၊ ကြယ်ပျံများဖြစ်သည်။ ၎င်းတို့ကို လူများက ရာစုနှစ်များတစ်လျှောက် “ကြယ်များကြွေခြင်း” ဟု ခေါ်ဆိုခဲ့ကြသည်။ အများအားဖြင့် ၎င်းတို့သည် ကျောက်တုံးခဲ၏ အလွန်သေးငယ်သောအပိုင်းအစများ သို့မဟုတ် သဲအမှုန်များကဲ့သို့ပင် ဖြစ်ပြီး သူတို့သည် မယုံနိုင်လောက်အောင်အမြန်နှုန်းဖြင့် ကမ္ဘာမြေသို့ တဖြည်းဖြည်းဦးတည်လာပြီး ကမ္ဘာမြေ၏လေထုကို တိုက်မိသောအခါတွင် မီးတောက်လောင်စေခဲ့သည်။

ထိုအဖြစ်အပျက်သည် ၁၈၃၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်တွင် ဖြစ်ခဲ့သည်။ ထိုနေ့၌ ၎င်းတို့သည် ကမ္ဘာမြေ၏လေထုကို တိုက်မိခဲ့လေသည်။ ထိုကဲ့သို့အဖြစ်အပျက်ကို ယခင်က အဘယ်သူမျှ မမြင်စဖူး သို့မဟုတ် မကြားစဖူးခဲ့ချေ။

တဖန် ၎င်းကို မြောက်အမေရိကဘက်တွင် ကောင်းကောင်းမြင်တွေ့ခဲ့ရကြသည်။ မျက်မြင်သက်သေမြင်တွေ့သူများတို့က ကောင်းကင်သည် ဥက္ကာခဲများ၊ ကြယ်များဖြင့် အလွန်တောက်ပသည်၊ သူတို့သည် အခြားအလင်းများမရှိဘဲ အသေးဆုံးစာလုံးများကိုပင် ဖတ်နိုင်ခဲ့သည်ဟု မှတ်တမ်းတင်ခဲ့ကြသည်။ အချို့လူတို့သည် ဥက္ကာခဲများ၊ ကြယ်များသည် အဘယ်မျှလောက်ရှိကြောင်းဖော်ပြရန် ကြိုးစားခဲ့ကြသည်။ သို့သော်လည်း အဘယ်သူမျှ အတိအကျအရေအတွက် မရနိုင်ခဲ့ကြပေ။ ပုဂ္ဂိုလ်တစ်ဦးက များစွာသောကြယ်များသည် နှင်းမုန်တိုင်း၌ နှင်းမှုန်များကဲ့သို့ပင်ဖြစ်ပြီး၊ ကောင်းကင်ရှိကြယ်များ၏တစ်ဝက်ခန့်လောက် ဖြစ်သည်ဟု ပြောဆိုခဲ့သည်။ အခြားသောသူတစ်ဦးက ၎င်းသည် မိုးသီးမုန်တိုင်းကဲ့သို့ပင် ဖြစ်သည်ဟု ပြောဆိုခဲ့သည်။

တိကျသောအရေအတွက်ကို သိရန် တွက်ချက်စစ်ဆေးဖို့ ကြိုးပမ်းနေကြသောသူများတို့သည် တစ်နာရီလျှင် ၃၀,၀၀၀ မှ ၁,၅၀၀,၀၀၀ နှုန်းကြွေသည်ဟု ကိန်းဂဏန်းပေးခဲ့ကြသည်။ ၎င်းသည် စက္ကန့်တိုင်းတွင် ၄၀ အထက် ကြွေကျမည်ဖြစ်သည်။

ထောင်ပေါင်းများစွာသောလူများသည် လမ်းများပေါ်ရှိရုန်းရင်းဆန်ခတ်ခြင်းများကြောင့် သူတို့၏အိပ်စက်ခြင်းမှနိုးထကြ၍ ထိုနံနက်စောစောတွင် အပြင်ဘက်သို့ ထွက်ကြပြီး ကြွေကျသွားခဲ့သည့်ကြယ်များ ပျောက်ကွယ်သွားသည် နောက်ဆုံးနေ့အထိ စောင့်ကြည့်နေကြသည်။

**လက်တွေ့ကျင့်သုံးရန်။** ဗျာဒိတ်ကျမ်း ၆း၁၂-၁၇ ကို ဖတ်ပါ။ ၁၈၃၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့မှာ ရှိကြသောလူများတို့သည် ဘာများစဥ်းစားနေကြမည်ဟု သင်ထင်သနည်း။

## ဗုဒ္ဓဟူးနေ့ | ၎င်းတို့သည် အမှန်တကယ်နိမိတ်လက္ခဏာများလား ၄

ဤဆုံးခန်း၏ နိမိတ်လက္ခဏာသက်သေများဖြစ်သည့် လစ္စဘွန်းမြေလျင်၊ အမှောင်ထုဖြစ်သောနေ့နှင့် ကြယ်များကြွေကျခြင်းတို့သည် ပရောဖက်ပြုချက်ပြည့်စုံခြင်းတွင် အရေးကြီးသောနယ်ပယ်များဖြစ်သည်။ ၎င်းသည် စာတန်က ၎င်းအကြောင်းတို့ကို ကျွန်ုပ်တို့မေ့လျော့ရန် လိုချင်မည်ဖြစ်သည် သို့မဟုတ် ၎င်းတို့ကို အလေးအနက်မထားဖို့ရန် နှစ်သက်သည်မှာ အံ့ဩသင့်စရာ မဟုတ်ပေ။

မကြာသေးမီနှစ်များအတွင်း သူ၏အကြိုက်ဆုံးတိုက်ခိုက်မှုမှာ “သို့သော် ဤအရာများက အံ့ဩဖွယ်နိမိတ်လက္ခဏာများ မဟုတ်ပါ၊ ထိုအချိန်တုန်းက ၎င်းတို့သည် အံ့ဩဖွယ်နိမိတ်လက္ခဏာများနဲ့ တူနေပုံရသည်၊ သို့သော် ယခု ငါတို့နားလည်လာပြီ၊ ၎င်းတို့သည် တကယ်တော့ ဘာလက္ခဏာမျှမှမဟုတ်တာ” ဟု လူများထံမှ ပြောသောအရာ ဖြစ်သည်။

၎င်းသည် တစိတ်တပိုင်းအနေဖြင့် မှန်ကန်သောကြောင့် ၎င်းသည် အငြင်းပွားဖွယ်မေးခွန်းတစ်ခု ဖြစ်သည်။ အမှန်အားဖြင့် ဤအရာများဖြစ်ပျက် ကတည်းက သိပ္ပံနည်းပညာသည် အများကြီးသင်ယူခဲ့သည်။ ၁၇၀၀ပြည့်နှစ်များအချိန်၌ မြေလျင်သည် အဘယ်သို့ဖြစ်ပျက်ခဲ့သည်ကို ဘယ်သူမှ အမှန်တကယ်မသိခဲ့ကြချေ။ ယခုတွင် ကျွန်ုပ်တို့သည် အများကြီးပိုသိရှိရသည်။ အကယ်၍ သင်သည် ကျောင်းတွင်းသိပ္ပံသင်တန်း၌မြေလျင်များကိုလေ့လာခဲ့ပါက သင်သည် ၁၇၀၀ ပြည့်နှစ်များမှ အာရုံစိုက်မည်ဆိုလျှင် မည်သူထက်မဆို သင်သည် ပို၍သိထားသူဖြစ်မည်ဖြစ်သည်။

ကျွန်ုပ်တို့သည် ဥက္ကာပျံအကြောင်းကိုလည်း ပိုမိုသိကြသည်။ ၎င်းတို့သည် ကြယ်တံခွန်များ ပြိုကွဲသွားသော ဖုန်မှုန့်အမှုန်များမှ လာသည်။ ၁၈၃၃ ခုနှစ်တွင် ထိုကြယ်တံခွန်ကြောင့် ဥက္ကာခဲများ၊ ကြယ်များသည်းထန်စွာရွာသွန်းမှု ဖြစ်စေသည်ကို ကျွန်ုပ်တို့ပင် သိရှိနိုင်သည်။ ယခုတွင် ၎င်းကို ကြယ်တံခွန် Tempel-Tuttle ဟု လူသိများပြီး၊ ၎င်းသည် ၃၃ နှစ်လျှင် နေကိုတစ်ကြိမ် ဝိုင်းထားသည်။



အမှောင်ထုဖြစ်သောနေ့သည် အဖြစ်အပျက်သုံးခုအနက်မှ အထူးဆန်းဆုံးနှင့် လျှို့ဝှက်ဆုံးသောအဖြစ်အပျက် ဖြစ်သည်။ မြေလျင်များနှင့် ကြွေကျနေသောကြယ်များသည် ဥရောပတွင် ယခင်က မတွေ့ဖူး၊ မကြားဖူးသည့် ဤမျှလောက်ပြင်းထန်သော မြေလျင်လှုပ်ခတ်ခြင်းကို မတွေ့ခဲ့ကြချေ။ ထိုနည်းတူ ထိုကဲ့သို့ အလွန်များစွာသောကြယ်များကြွေကျခြင်းမျိုးကိုလည်း အဘယ်သူမျှမှ မတွေ့မြင်ဖူးခဲ့ကြချေ၊ သို့သော် သူတို့သည် အမှောင်ထုနေ့ကိုရော ကြုံခဲ့ဖူးကြသလား။ ၎င်းသည် အံ့ဩဖွယ် နိမိတ်လက္ခဏာလား။

ထိုအချိန်က နက္ခတ္တဗေဒပညာရှင်များပင် လူအများထင်ထားသလိုပဲ ဖြစ်သည်မှာ သေချာပါသည်။ သို့သော် မကြာသေးမီ နှစ်များအတွင်းတွင် သမိုင်းပညာရှင်များနှင့် ကြယ်နက္ခပညာရှင်များသည် နယူးအင်္ဂလန် (New England) နှင့် ကနေဒါ (Canada) ရှိ နေရာများစွာမှ ဖြစ်ပျက်ပုံသဘောတရားများကို အတူတကွစုဆောင်းနိုင်ခဲ့သည်။ သူတို့လေ့လာသင်ယူခဲ့သည့်အရာတစ်ခုမှာ ကနေဒါတွင် သစ်တောမီးလောင်ခြင်းအကြီးကြီးတစ်ခုဖြစ်ခဲ့ပြီး ၎င်းအကြောင်းကို နယူးအင်္ဂလန်၌ ရှိသောသူများ တစ်စုံ တစ်ခုမျှ မသိခဲ့ပေ။ ထိုနေ့တွင် ရှင်းပြဖို့ခဲယဥ်းသော "ကျပ်ခိုးစွဲနေသောအနံ့အသက်" တစ်ခုအဖြစ်နဲ့သာ အစီရင်ခံစာများ ရှိခဲ့သည်။ ယခုတွင် ထိုမီးများ၏မီးခိုးများနှင့် ထူးဆန်းသော၊ ပုံမှန်မဟုတ်သော လေထန်မှုများကြောင့် အမှောင်ထုနေ့သည် တစ်ချိန်ကဖြစ်သကဲ့သို့ လျှို့ဝှက်ဆန်းကျယ်ပုံ မပေါ်တော့ပါ။

သို့သော် ၎င်းက ဤဖြစ်ရပ်များသည် နိမိတ်လက္ခဏာများမဟုတ်ဟု ဆိုလိုပါသလား။ ထိုသို့ မဆိုလိုပါ။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် အဖြစ်အပျက်များကို ကျွန်ုပ်တို့အရင်ကထက် ပို၍ နားလည်ခြင်းကို ဆိုလိုပါသည်။ သို့သော် အချို့လူများက ၎င်းသည် သူတို့အားအလွန်ထူးကဲကောင်းမွန်စေသည်၊ ဘုရားသခင်သည် ထိုအဖြစ်အပျက်များကိုကြိုတင်ဟောကြားသည့်အရာကို သူတို့သည် မေ့လျော့နိုင်ကြောင်းနှင့် မိမိ၏လူများကိုနှိုးဆော်ရန်အတွက် အသုံးပြုခြင်းသာဖြစ်သည်ဟု ထင်ခဲ့ကြလေသည်။

**လက်တွေ့ကျင့်သုံးရန်။** "ဤအရာအားလုံးကိုသိသည်" ဟုထင်သောလူများအကြောင်းနှင့်ပတ်သက်ပြီး ဘုရားသခင်သည် ဘာပြောထားသနည်း။ သုတ္တံကျမ်း ၂၆း၁၂။

## ကြာသပတေးနေ့ | ပြီးပြည့်စုံသောအချိန်ကာလ ၅

ဘုရားသခင်သည် ဆုံးခန်းကာလ၌ စိတ်ဝင်စားမှုနိုးထဖို့ရန် အစပြုခဲ့သည်။ ၎င်းသည် ကျွန်ုပ်တို့အတွက် ထူးဆန်းပုံရသည်၊ သို့သော် ၎င်းသည် အမှန်တကယ် လိုအပ်ခဲ့ပါသည်။ ရာစုနှစ်များတစ်လျှောက်တွင် နောက်ဆုံးသောအချိန်ကာလနှင့် ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်း၏ အမှန်တရားများကို အလွန်အနည်းငယ်သာ အလေးပေးမှုရှိခဲ့ကြသည်။ လူတို့သည် သေပြီးနောက် ကောင်းကင်သို့ရောက်ဖို့ရန်သာ မျှော်လင့်နေခဲ့ကြသည်။ ယခု ဘုရားသခင်သည် ထိုစိတ်ထားမျိုးကို ပြောင်းလဲလိုသည်။



လစ္စဘွန်းမြေလျင်၊ အမှောင်ထုဖြစ်သောနေ့နှင့် ကြယ်တို့၏ကြွေကျခြင်းနှင့်အတူ (အောက်တွင်ဖော်ပြထားသော အချိန်ဇယားကို ကြည့်ပါ)၊ ဘုရားသခင်သည် လူများစွာ၏အာရုံကိုလမ်းကြောင်းမှန်ပေါ်သို့ လှည့်ပေးခဲ့သည်။ အဆိုပါဖြစ်ရပ်များသည် စိတ်ဝင် စားမှုအလုံအလောက် ရှိခဲ့သည်။ သို့သော် အချို့နည်းလမ်းများတွင်၊ ဤဖြစ်ရပ်များ၏အချိန်ကိုက်ညီနေခြင်းသည် ပို၍ အရေးကြီးသည်။

ကမ္ဘာကြီးသည် ဒံယေလအနာဂတ္တိကျမ်း၏ “ဆုံးခန်းကာလ” ဟု ခေါ်သော အချိန်သို့ချဥ်းကပ်နေပြီ ဖြစ်သည်။ အရေးကြီးသောအဖြစ်အပျက်များသည် လာနေပြီ၊ ပရောဖက်ပြုချက်များကို လေ့လာနေသောသူများတို့သာ မိမိလူတို့အတွက် ဘုရားသခင်၏ အစီအစဥ်ကို နားလည်နိုင်မည်ဖြစ်သည်။ ဒံယေလ အနာဂတ္တိကျမ်း ၈း၁၇-၁၉၊ ၁၂း၁-၄၊ ၉၊ ၁၀။